ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ကန်ပက်လက်မြို့

# အရေးပေါ်ကာလထုတ်ပြန်ကြေညာချက်
## (၁/ ၂၀၂၁)

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ NUG သည် (၇.၉.၂၀၂၁) ရက်နေ့ရက်စွဲပါ အမိန့်ကြေညာစာ အမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံတော်တစ်ဝန်းလုံးသို့ အရေးပေါ် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၂။ ကန်ပက်လက်မြို့ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အနေဖြင့်လည်းကောင်း၊ ကန်ပက်လက်မြို့ ချင်းကာကွယ်ရေးတပ်ဦး CDF-Kanpetlet အနေဖြင့်လည်းကောင်း အမျိုးသားညီညွတ်ရေးအစိုးရ NUG ၏ အရေးပေါ် ထုတ်ပြန်ကြေညာချက်ကို ကြိုဆိုလျက် အောက်ပါအတိုင်း ထပ်ဆင့်ကြေညာချက် ထုတ်ပြန်လိုက်သည်-

(က) ပြည်သူများအနေဖြင့် ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့မှစ၍ ဖက်ဒရယ်ဒီမိုကရေစီအစိုးရပေါ်ပေါက်သည်အထိ တော်လှန်ရေးတိုက်ပွဲများတွင်ပူးပေါင်းပါဝင်ရန်၊

(ခ) စစ်ကောင်စီလက်အောက်ခံဖြစ်သောလက်နက်ကိုင်တပ်ဖွဲ့များနှင့် Non-CDM ဝန်ထမ်းများ၊ စစ်ကောင်စီနှင့်အကျိုးတူပူးပေါင်းလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂိုလ်များအားလုံးသည် ချင်းချက်မရှိ ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ရပ်တည်ရန်၊ (အကယ်၍ ပြည်သူနှင့်ပူးပေါင်းပါဝင်ခြင်းမရှိပါက ပစ်ခတ်အရေးယူခြင်းခံရမည်။)

(ဂ) ပြည်သူလူထုဘေးကင်းလုံခြုံရေးအတွက် ရပ်ကွက်(သို့) ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းထားသော ချင်းကာကွယ်ရေးတပ်ဦး CDF-Kanpetlet တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) ကန်ပက်လက်မြို့တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မတန်တဆ ဈေးမြှင့်ခြင်း၊ ဈေးကစားခြင်းများ မပြုလုပ်ရန်၊

(င) ပြည်သူအချင်းချင်း ဖေးမကူညီစောင့်ရှောက်ရန်၊

(စ) ပြည်သူများအနေဖြင့် ယနေ့မှစ၍ မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန်၊

(ဆ) စစ်ကောင်စီတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့ရင်ခွင်သို့ ပူးပေါင်းလိုပါက လက်နက်အပြည့်အစုံနှင့် ချင်းကာကွယ်ရေးတပ်ဦး CDF-Kanpetlet သို့ အချိန်မီအလင်းဝင်ရန်။

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့
ကန်ပက်လက်မြို့